# လူသားချင်း စာနာမှုဆိုင်ရာ သတင်းလွှာ

## မြန်မာနိုင်ငံ

အတွဲ ၃ | မတ် ၂၀၁၄

## ဤစာစောင်တွင်

ရခိုင်ပြည်နယ်ရှိ နိုင်ငံတကာအဖွဲ့များအား တိုက်ခိုက် စာ-၁
ရွှေ့လျားဆေးခန်းနှင့် အရေးပေါ် ကုသမှုဆိုင်ရာ
လွှဲပို့ပေးမှုများ မလုံလောက် စာ-၂
အကာအကွယ်ပေးရေးဆိုင်ရာ ဝန်ဆောင်မှုများ မလုံလောက် စာ-၃
ရေ နှင့် တကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ ပြဿနာများ စာ-၃
ကချင်ပြည်နယ်အတွက် ရန်ပုံငွေထပ်မံလိုအပ် စာ-၄
တစ်နှစ်ကျော်လာသည့် မိတ္ထီလာ နေရပ်စွန့်ခွာတိမ်းရှောင်ရမှု စာ-၅



ဆတ်ရိုးကျ IDP စခန်းမှ ကလေးငယ်များ၊ ရခိုင်ပြည်နယ်။
ဓါတ်ပုံ- IRIN/Longstreath၊ ၂၀၁၃

## အဓိကအချက်များ

- ရခိုင်ပြည်နယ်တွင် နိုင်ငံတကာ အဖွဲ့များ၏ ရုံးနှင့် အဆောက်အဦများ တိုက်ခိုက်ခံခဲ့ ရခြင်းသည် အသက်ကယ် စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှု ပေးအပ်သည့် လုပ်ငန်းများအတွက် ကြီးမားသည့် အဟန့်အတား ဖြစ်စေခဲ့သည်။
- ရခိုင်ပြည်နယ်တွင် ရွှေ့လျား ဆေးခန်းများနှင့် အရေးပေါ် ကုသမှု ဆိုင်ရာ လွှဲပို့ပေးမှုများ လုံလောက်စွာ မရှိပါ။
- ရခိုင်ပြည်နယ်တွင် အကာအကွယ် ပေးရေးဆိုင်ရာ ဝန်ဆောင်မှုများအား လုံလောက်စွာ လက်လမ်းမမှီသဖြင့် လူများစွာအတွက် အန္တရာယ် ရှိနေသည်။
- IDP စခန်းများတွင် ရေနှင့် တကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်နေပြီး အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အစီအစဉ်များလည်း ရပ်တန့်နေသည်။
- ရန်ပုံငွေရရှိရန်အတွက် မရေရာခြင်း သည် ကချင်ပြည်နယ် မှ ကူညီ ထောက်ပံ့ရေး ဆိုင်ရာ လုပ်ငန်းများ အပေါ် ထိခိုက်စေသည်။
- လူဦးရေ ၅,၄၀၀ကျော်သည် မိတ္ထီလာ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများ တွင် နေထိုင်ရဆဲ ဖြစ်သည်။

## ကိန်းဂဏန်းများ

ရခိုင်ပြည်နယ်ရှိ IDP ဦးရေ

| | |
|---|---|
| နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းရှိဦးရေ | ၁၁၀,၀၀၀ |
| စောင့်ရှောက်သူ မိသားစုများနှင့် အတူနေသူဦးရေ | ၂၈,၀၀၀ |

ကချင်ပြည်နယ်ရှိ IDP ဦးရေ

| | |
|---|---|
| နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းရှိဦးရေ | ၈၁,၀၀၀ |
| စောင့်ရှောက်သူ မိသားစုများနှင့် အတူနေသူဦးရေ | ၁၀,၀၀၀ |
| နေရပ်စွန့်ခွာ တိမ်းရှောင်သူ အသစ် ဦးရေ (၂၀၁၃ နိုဝင်ဘာ) | ၂,၀၀၀ |

ကိုးကား - UNHCR, OCHA, CCCM

## ရခိုင်ပြည်နယ်တွင် ကူညီထောက်ပံ့မှုဆိုင်ရာ အဖွဲ့များ၏ ရုံးအဆောက်အဦများ တိုက်ခိုက်ခံရပြီးနောက် အကူအညီပေးအပ်မှု လုပ်ငန်းများ အတွက် ဆိုးရွားစွာ အဟန့်အတားဖြစ်ခဲ့

နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်းများတွင် နေထိုင်သူများ နှင့် ထိခိုက်လွယ်သူများ အပါအဝင် လူဦးရေ သိန်းပေါင်း များစွာတို့သည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အဆောက်အဦများ မတ်လ ၂၆ နှင့် ၂၇ ရက်တို့တွင် တိုက်ခိုက်ဖျက်ဆီး ခံခဲ့ရပြီးနောက် ဆိုးရွားသည့် အကျိုးသက်ရောက်မှုများ ခံစားခဲ့ရသည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ရုံး ၁၂ရုံး၊ တည်းခိုရာ အဆောက်အဦ ၁၆ခု၊ သိုလှောင်ရုံ ၅ခု အပါအဝင် ကုလသမဂ္ဂ အဖွဲ့အစည်း ၇-ဖွဲ့နှင့် နိုင်ငံတကာ အန်ဂျီအို ၇-ဖွဲ့တို့၏ အဆောက်အဦ ၃၃ခု ထိခိုက်ပျက်စီးခဲ့သည်။ အသုံးအဆောင် အချို့လည်း လုယူခြင်းခံခဲ့ရပြီး ပျက်စီးဆုံးရှုံးမှု စုစုပေါင်း၏ခန့်မှန်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁သန်းကျော် ဖြစ်သည်။

တိုက်ခိုက်မှုများကြောင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ဝန်ထမ်းဦးရေ ၃၀၀ကျော်အား မဖြစ်မနေ ယာယီ ရွှေ့ပြောင်းခဲ့ရသည်။ ထို့နောက်တွင် ဝန်ထမ်းအနည်းငယ် ပြန်လည်သွားရောက်ခဲ့သော်လည်း တင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် အစိုးရအာဏာပိုင်များမှ နိုင်ငံတကာအဖွဲ့ ဝန်ထမ်းများအပေါ် သွားလာ လှုပ်ရှားမှု ဆိုင်ရာ တင်းကြပ်သော အကန့်အသတ်များကို ထားရှိခဲ့သည်။ လူသားချင်းစာနာမှုဆိုင်ရာ ဝန်ထမ်း တစ်ထောင် ကျော်၏ လုပ်ငန်းများလည်း ရပ်ဆိုင်းထားခဲ့ရသည်။ ဝန်ထမ်းအများစုမှာ ရခိုင်ပြည်နယ်မှ ဝန်ထမ်းများ ဖြစ်ပြီး ဒေသခံလူထု၏ ခြိမ်းခြောက်မှုတို့ကြောင့် လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ရန် စိုးရိမ်လျှက်ရှိသူများ ဖြစ်ကြသည်။

တိုက်ခိုက်မှုဖြစ်စဉ်သည် သန်းခေါင်စာရင်း ကောက်ယူခါနီးကာလ ရခိုင်ပြည်နယ်၌ တင်းမာမှုများ မြင့်မားနေချိန် တွင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဆူပူလှုပ်ရှားသူတို့၏ အကြမ်းဖက်လုပ်ရပ်များမှာ နိုင်ငံတကာ အန်ဂျီအို ဝန်ထမ်း တစ်ဦးမှ ရုံးရှေ့တွင် လွှင့်ထူသွားခဲ့သော သာသနာ့အလံကို ဖယ်ရှားခဲ့ရာမှ ဖြစ်ပေါ်လာခဲ့သည့် ကောလဟာလ များကြောင့် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က စစ်တွေမြို့တွင် သာသနာ့အလံ အများအပြားကို သန်းခေါင်စာရင်းအား သပိတ်မှောက်သည့် သင်္ကေတအဖြစ် လွှင့်ထူထားခဲ့ကြသည်။ တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပေါ် ပြီးနောက် နိုင်ငံတော် သမ္မတမှ စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ချက်ချင်းဖွဲ့စည်းကာ ကျူးလွန်သူများကို တရားဥပဒေအရ အရေးယူ နိုင်ရန်၊ လူသားချင်း စာနာမှုဆိုင်ရာ ဝန်ထမ်းများအတွက် လုံခြုံရေး အပြည့်အဝရှိစေရန်၊ ကူညီထောက်ပံ့မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်နိုင်စေရန် စသည်တို့အား နိုင်ငံတော်အစိုးရမှ တာဝန်ယူ ဆောင်ရွက်ပေးရန် စီစဉ်ခဲ့သည်။

တိုက်ခိုက်မှုများနှင့် သွားလာလှုပ်ရှားမှုဆိုင်ရာ နောက်ဆက်တွဲကန့်သတ်မှုတို့ကြောင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်း များ၏ နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် စစ်တွေ ဧရိယာအတွင်းရှိ ကူညီထောက်ပံ့မှုဆိုင်ရာ လုပ်ငန်း အများစု ရပ်ဆိုင်းသွားခဲ့ရသည်။ အရေးပေါ် ကျန်းမာရေး စောင့်ရှောက် မှု ဆိုင်ရာ လုပ်ငန်းများ နှင့် အသက်ကယ် စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှု များ ကို အစိုးရမှနေ၍ ကျန်းမာရေး ဝန်ကြီးဌာနနှင့် အခြား အစိုးရဌာနများမှတဆင့် အထူး ကြားဖြတ်အစီအစဉ်နှင့် ဆောင်ရွက်ပေးသွားရန် တာဝန်ယူခဲ့သည်။



အနောက်ရှာ IDP စခန်း၊ ပေါက်တော၊ ရခိုင်ပြည်နယ်။
ဓါတ်ပုံ- OCHA ၊ ၂၀၁၃

သို့သော် အဆိုပါဝန်ဆောင်မှုများမှာ မတ်လ ၂၆-၂၇ ဖြစ်စဉ်မတိုင်မီက ရှိခဲ့သော ဝန်ဆောင်မှုများထက် များစွာ လျော့နည်းနေလျက်ရှိသည်။ ကုလသမဂ္ဂအဖွဲ့မှ အစိုးရအား နေရပ်စွန့်ခွာတိမ်းရှောင်သူ ၁၄၀,၀၀၀ ဦးနှင့် အခြား ထိခိုက်လွယ်သူ အုပ်စုများ ကြုံတွေ့ရသည့် အခက်အခဲများကို စိုးရိမ်ကြောင်း အစိုးရသို့ အသိပေးတင်ပြခဲ့သည်။ ယခုနှစ်ဆန်းပိုင်းတွင် ရခိုင်ပြည်နယ်မှ ထွက်ခွာရန် ညွှန်ကြားခံခဲ့ရသည့် နယ်စည်းမခြား ဆရာဝန်များအဖွဲ့ ၏ အရေးပေါ် အသက်ကယ် လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခွင့် မရရှိသေးသည့်အတွက်လည်း အခြေအနေမှာ ပိုမို စိုးရိမ်ဖွယ်ရာဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံချက်များမှာလည်း ဝန်ထမ်းများ လုပ်ငန်းပြန်လည်ဆောင်ရွက်ခွင့် ရပ်ဆိုင်းခံထားရသည့်အတွက် ရပ်တန့်လျက်ရှိသည်။

*ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် ထိခိုက်လွယ်သူ အုပ်စုများ အတွက် အသက်ကယ် ဝန်ဆောင်မှုလုပ်ငန်းများ အမြန်ဆုံးပြန်လည် စတင်နိုင်ရန် အရေးတကြီး လိုအပ်လျက်ရှိသည်။*

## ရွှေ့လျားဆေးခန်းများနှင့် အရေးပေါ်ကုသမှုဆိုင်ရာ လွှဲပို့ပေးမှုများ နည်းပါး

တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးသည့်နောက် နေရပ်စွန့်ခွာတိမ်းရှောင်သူ ၁၄၀,၀၀၀ ဦးနှင့် ထိခိုက်လွယ်သူဦးရေ သန်း တစ်ဝက်တို့အတွက် ကျန်းမာရေး ဝန်ဆောင်မှု ပေးအပ်ခြင်းလုပ်ငန်းများ နှောင့်နှေးခဲ့ပြီး အထူးသဖြင့် အသက်ကယ် အရေးပေါ် ကုသမှုဆိုင်ရာ လွှဲပို့မှုများမှာ ပိုမိုနှောင့်နှေးခဲ့သည်။ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းတွင်နေထိုင်ပြီး သွားလာခွင့်ဆိုင်ရာ ကန့်သတ်မှု တင်းကြပ်စွာ ခံထားရသူများစွာအတွက် ပိုမိုခက်ခဲခဲ့သည်။

လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များမှ ဆောင်ရွက်ပေးသော ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများအနက် အရေးအကြီးဆုံးလုပ်ငန်းများမှာ နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများ နှင့် စခန်းပြင်ပရှိ ထိခိုက်လွယ်သူများထံ ရွှေ့လျား ဆေးခန်းများနှင့် သွားရောက်ကုသပေးခြင်းလုပ်ငန်း၊ အရေးပေါ်ကုသမှုဆိုင်ရာ လိုအပ်သူများကို ဒါပိုင်၊ စစ်တွေ၊ မောင်တော၊ ဘူးသီးတောင် ဆေးရုံများသို့ လွှဲပို့ပေးခြင်းတို့ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနမှ တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် ဝန်ထမ်းအင်အား ထပ်မံဖြည့်တင်း၍ ကြိုးစားဆောင်ရွက်ပေးသော်လည်း မတ်လ ၂၇ရက်နောက်ပိုင်းတွင် အရေးပေါ် ကျန်းမာရေး ဝန်ဆောင်မှု ခံယူရရှိခဲ့သည် နေရပ်စွန့်ခွာ တိမ်းရှောင်သူ ဦးရေမှာ အနည်းငယ်သာ ရှိခဲ့သည်။ နယ်စည်းမခြား ဆရာဝန်များအဖွဲ့ လုပ်ငန်းများ မရပ်ဆိုင်းရမီ ကာလတွင် နိုင်ငံတကာ အန်ဂျီအိုများ အနေနှင့် တစ်လလျှင် ပျမ်းမျှ အရေးပေါ်ကုသမှုဆိုင်ရာ လွှဲပို့မှု ၄၀၀ပြုလုပ်ပေးခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ အချက်အလက်များ အရ မတ်လ ၂၆-၂၇ ဖြစ်စဉ်နောက်ပိုင်းတွင် အဆိုပါ အရေးပေါ် လွှဲပို့မှု၏ ၅ရာခိုင်နှုန်းအောက်သာ ပြုလုပ်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များမှ အသက်ကယ် ကျန်းမာရေး ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ အားလုံးကို ချက်ချင်းပြန်လည်စတင်နိုင်ရန် တောင်းဆိုလျက်ရှိသည်။ အဆိုပါ ဝန်ဆောင်မှုများ မရှိလျှင် အသက်ပေါင်းများစွာ ဆုံးရှုံးနိုင်ကြောင်း အသိပေးခဲ့သည်။ တချိန်တည်းတွင် ကျန်းမာရေး ဝန်ကြီးဌာနအတွက် လူအင်အား၊ ဆေးဝါး၊ သယ်ယူ ပို့ဆောင်ရေး စသည့်ကူညီထောက်ပံ့မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။

## အကာအကွယ်ပေးရေးဆိုင်ရာ ဝန်ဆောင်မှုများအား အပြည့်အဝ လက်လှမ်းမမီနိုင်

*အကာအကွယ် ပေးရေးဆိုင်ရာ ဝန်ဆောင်မှုကို ခံယူနေသူ ဦးရေ ၂၀၀ကျော်မှာ လိုအပ်သည့် အထောက်အပံ့များ ဆက်လက်၍ မရရှိတော့ပါ။*

အမျိုးသမီးများနှင့် နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းနေ ကလေးငယ်များ အပါအဝင် ရခိုင်ပြည်နယ်ရှိ ထိခိုက်လွယ်သူဦးရေ ၃၀၀,၀၀၀ ကျော် တို့သည် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ဆောင်ရွက် ပေးသော အကာအကွယ်ပေးရေး ဆိုင်ရာ ဝန်ဆောင်မှုများ အပေါ်မှီခိုနေရသည်။ မတ်လ ကုန်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းရှိ ကလေးငယ် ၁၅,၀၀၀ ဦးအတွက် အထူးလိုအပ်သည့် စိတ်လူမှုကျန်းမာရေးဆိုင်ရာ ထောက်ပံ့ဖေးမပေးမှု အပါ အဝင် အဆိုပါ ဝန်ဆောင်မှုများအား ယာယီ ရပ်ဆိုင်းထားရသည်။



ဘာဆရာ IDP စခန်းမှ မိန်းကလေးငယ်တစ်ဦး။
ဓါတ်ပုံ- IRIN/Longstreath၊ ၂၀၁၃

နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်းတွင် နေထိုင်သူ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာ ဝန်ဆောင်မှုများ နှင့် လိင်အကြမ်းဖက်ခံရသူများအတွက် အထူးထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ခြင်း မရှိတော့ပဲ လိင်အကြမ်းဖက်ခံခဲ့ရသူများ အပါအဝင် အထူးထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှုများ ခံယူရရှိနေသူ ၂၀၀ ဦးတို့မှာ ဝန်ဆောင်မှုများ ဆက်လက်၍ မရရှိတော့ပါ။

ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ လုပ်ငန်းများ ယာယီမရပ်ဆိုင်းရခဲ့မီက လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များသည် လစဉ် အကာအကွယ်ပေးရေးဆိုင်ရာ ကွင်းဆင်းစောင့်ကြပ် ကြည့်ရှုမှု ၁၃၀အကြိမ်ခန့် ပြုလုပ်ပေးခဲ့ပြီး ယခုအခါ ဝန်ထမ်းများအတွက် သွားလာလှုပ်ရှားမှုဆိုင်ရာ ကန့်သတ်ချက်များကြောင့် အဆိုပါ ကွင်းဆင်း ဆောင်ရွက်မှု လုပ်ငန်း အားလုံးကို ရပ်ဆိုင်းထားရသည်။

## နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်းမှ ရေနှင့်တကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ ပြဿနာများ

နွေရာသီ၏ အပူပြင်းဆုံးနီးပါး အချိန်ဖြစ်သည့်အတွက် ပေါက်တောမြို့နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများမှာ မတ်လ အကြမ်းဖက်မှုများ မတိုင်မီကပင် ရေပြတ်လတ်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ အကြမ်းဖက်မှု ဖြစ်ပွားပြီးနောက် နိုင်ငံတကာအဖွဲ့ ဝန်ထမ်းများ အပေါ် သွားလာလှုပ်ရှားမှုဆိုင်ရာ ကန့်သတ်ချက်များကြောင့် နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ (ICRC) နှင့် နိုင်ငံတကာ အန်ဂျီအိုများသည် အထူးအစီအစဉ်များ အသုံးပြုပြီး ပြည်နယ်အစိုးရ၏ ကျေးလက်ဖွံ့ဖြိုးမှုဌာန မှတဆင့် ပေါက်တော မြို့နယ်တွင်းရှိ စခန်းများ အတွက် ရေဆက်လက် ဖြန့်ဖြူးပေးနိုင်စေရန် ကူညီပံ့ပိုးခဲ့သည်။ ကျေးလက်ဖွံ့ဖြိုးမှုဌာန သည် ICRC၏ ကူညီထောက်ပံ့မှုနှင့် လူဦးရေ ၃,၇၀၀ တို့ထံ လှေနှင့် ရေဖြန့်ဖြူးပေးခြင်း လုပ်ငန်းကို လွှဲပြောင်းယူခဲ့သည်။ ပေါက်တောမြို့နယ်တွင်းရှိ အခြားစခန်းများ အတွက်လည်း အနီးအနားရှိ ကျေးရွာများမှ တဆင့် ရေစုတ်စက်တွင် အသုံးပြုရန် လောင်စာဆီများ၊ ရေသန့်ဆေးများ ပေးပို့နိုင်ရန်အတွက် စီစဉ် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါအစီအစဉ်များသည် ယာယီနည်းလမ်းများသာ ဖြစ်ပြီး မူလအခြေအနေအတိုင်း ပြန်လည်ဆောင်ရွက်နိုင်သည့် ကာလအထိ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များသည် အခြေအနေကို အနီးကပ် စောင့်ကြပ်ကြည့်ရှု၍ လိုအပ်သည်တို့ကို ကျေးလက်ဖွံ့ဖြိုးမှုဌာနနှင့် ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်သည်။

နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်းရှိ အိမ်သာများမှ အညစ်အကြေးများ ဖယ်ရှားခြင်းနှင့် စွန့်ပစ်ရန်အတွက် သယ်ယူပို့ဆောင် ပေးခြင်း လုပ်ငန်းမှာ ဆိုးရွားသည့် အဟန့်အတားများ ကြုံတွေ့နေရသည်။ အိမ်သာများတွင် အညစ်အကြေးများ ပြည့်လျှံ လာပြီး ဆက်လက်အသုံးမပြုနိုင်ခဲ့လျှင် နောက်ဆက်တွဲ ကျန်းမာရေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည့် အတွက် အဓိက စိုးရိမ်ဖွယ်ရာ ပြဿနာတစ်ခု ဖြစ်နေသည်။ ကျေးလက်ဖွံ့ဖြိုးမှု ဌာနတွင် သယ်ယူပို့ဆောင်ရေး အတွက် ဝန်ဆောင်ပေးနိုင်မှုစွမ်း အနည်းငယ်သာရှိပြီး နိုင်ငံတကာအဖွဲ့အစည်းများ၏ ထိရောက်သည့် အကူအညီ မပါရှိပဲနှင့် စွန့်ပစ်စက်ရုံ၏ လုပ်ငန်းလည်ပတ်မှုကို စီမံခန့်ခွဲရန်လည်း အဆင်သင့်

မဖြစ်သေးပဲရှိနေသည်။ မိုးရာသီ ရောက်ရှိရန် ပိုမို နီးကပ်လာသည့်နှင့်အမျှ ကျန်းမာရေးဝန်ဆောင်မှုအားနည်းသော နေရပ်စွန့်ခွာသူ စခန်းများတွင် အညစ် အကြေး စွန့်ပစ်မှုပြဿနာများကို ရှောင်ရှားနိုင်ရန် အထူးအရေးကြီးသည်။ ပုံမှန်အားဖြင့် နှစ်တစ်နှစ်၏ မိုးရာသီ မတိုင်မီ ယခုကဲ့သို့အချိန်တွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းရှိ အိမ်သာများအတွက် အညစ်အကြေးရှင်းလင်းရေး လုပ်ငန်းများကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်သည်။

## အာဟာရထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းစဉ်များရပ်ဆိုင်း

*အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ အလျှင်အမြန် ပြန်လည်မစတင်နိုင်ပါက အာဟာရချို့တဲ့သူ နှုန်းထားများ မြင့်တက်လာနိုင်ပြီး အာဟာရချို့တဲ့မှုဒဏ် လက်ရှိခံစားနေရသူ ကလေးငယ်များမှာလည်း ယခုထက် ပိုမို ဆိုးရွား လာနိုင်သည်။*

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) နှင့် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ရခိုင်ပြည်နယ် တဝှမ်းရှိ လူဦးရေ ၃၆၀,၀၀၀ အတွက် လစဉ်စားနပ်ရိက္ခာနှင့် အခြား အထောက်အပံ့များ ပေးအပ်သည်။ ၎င်းတို့အနက်မှ ၁၄၀,၀၀၀ဦး တို့သည် နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်းတွင် နေထိုင်ကြသူများဖြစ်ပြီး ကူညီထောက်ပံ့မှုများအပေါ် အပြည့်အဝ မှီခိုနေရသူများဖြစ်သည်။ WFP မှ မတ်လအတွက် အထောက်အပံ့များကို မတ်လ ၂၇တွင်ဖြစ်ပွားသော မတည်မငြိမ်ဖြစ်မှုများ မတိုင်မီ ပြီးစီးအောင် ပေးအပ်ထားပြီးဖြစ်သည်။ သန်းခေါင်စာရင်း ကောက်ယူရန်နှင့် သင်္ကြန်ပွဲတော်ကျင်းပရန်ရှိနေသဖြင့် ဧပြီလအတွက် အထောက်အပံ့ ထက်ဝက်နီးပါးမှာလည်း မတ်လတွင်းတွင် ကြိုတင်ပေးအပ်ထားပြီးဖြစ်သည်။ အကြမ်းဖက်မှုကြောင့် WFP ၏ သိုလှောင်ရုံ၊ ရုံးအဆောက်အဦ၊ လှေ၊ မော်တော်ယာဉ်များ ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့ပြီး ဒေသခံ သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းရှင်များမှလည်း လုံခြုံရေး စိတ်မချရသောကြောင့် အစားအသောက် အထောက်အပံ့များကို နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများသို့ ပို့ဆောင်ပေးရန် ဝန်လေးခဲ့ကြသည်။ သို့သော် WFP သည် ဧပြီလအတွက် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသော အစားအသောက် ဖြန့်ဖြူးမှု အစီအစဉ်များကို ချက်ချင်း ဆောင်ရွက်ခဲ့ပြီး ရခိုင်ပြည်နယ်အစိုးရမှ စီစဉ်ပေးသော မော်တော်ယာဉ်၊ ယာဉ်မောင်း၊ လောင်စာဆီ၊ လုံခြုံရေး အစောင့်အရှောက်တို့နှင့် မရောက်ရှိသေးသော နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများတွင် ဆက်လက် ဖြန့်ဖြူးမည်ဖြစ်သည်။

အစားအသောက် အထောက်အပံ့ နှောင့်နှေးမှု မဖြစ်စေရန် ယာယီနည်းလမ်းများနှင့် ရှောင်ရှားနိုင်ခဲ့သော်လည်း အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများမှာ ဆိုးဝါးစွာ ထိခိုက်ခဲ့သည်။ ကူညီထောက်ပံ့မှုဆိုင်ရာ ကွင်းဆင်းဆောင်ရွက်မှု လုပ်ငန်းများ နှောင့်နှေးခဲ့ခြင်းနှင့် လူသားချင်းစာနာမှုအဖွဲ့ ဝန်ထမ်းများအပေါ် သွားလာလှုပ်ရှားမှုဆိုင်ရာ ကန့်သတ်ချက်များ သတ်မှတ်ခဲ့ခြင်းတို့ ဖြစ်ပေါ်ပြီးနောက် စစ်တွေဇရိယာအတွင်းရှိ Outpatient Therapeutic Programme (OTP) ကိုယာယီ ရပ်ဆိုင်းခဲ့ရပြီး ပြင်းထန်စွာ အာဟာရ ချို့တဲ့သူ ကလေးငယ် ၃၀၀ဦး တို့ကို ထိခိုက်ခဲ့သည်။ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ အလျှင်အမြန် ပြန်လည်မစတင်နိုင်ပါက အာဟာရ ချို့တဲ့သူ ဦးရေ နှုန်းထားများ မြင့်တက်လာနိုင်ပြီး အာဟာရချို့တဲ့မှုဒဏ် လက်ရှိခံစားနေရသူ ကလေးငယ်များမှာလည်း ယခုထက် ပိုမို ဆိုးရွား လာနိုင်သည်။

## ကချင်ပြည်နယ်ရှိ ကူညီထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းများအတွက် ရန်ပုံငွေ ထပ်မံ လိုအပ်

ကချင်ပြည်နယ်ရှိ အစိုးရထိမ်းချုပ်မှု ပြင်ပဒေသများတွင် လုပ်ငန်းဆောင်ရွက်နေကြသည့် အန်ဂျီအို အဖွဲ့အစည်း အချို့မှာ ရန်ပုံငွေ နည်းပါးမှုနှင့် ကြုံတွေ့နေရသည်။ အဆိုပါအကြပ်အတည်းကို အလျှင်အမြန် မဖြေရှင်းနိုင်ပါက နေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် အစားအသောက် ဖြန့်ဖြူးမှု အပါအဝင် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ ပေးအပ်မှု လုပ်ငန်းများ အပေါ် ဆိုးကျိုးများ သက်ရောက်နိုင်သည်။

*ရန်ပုံငွေ မရရှိမှု သည် ကချင်ပြည်နယ်ရှိ လူသားချင်း စာနာမှုဆိုင်ရာ ဝန်ဆောင်မှုများ အပေါ် အကျိုး သက်ရောက်မှု ရှိနိုင်သည်။*

ကရုဏာမြန်မာ လူမှုဝန်ဆောင်မှုအဖွဲ့ (KMSS) သည် မြန်မာအန်ဂျီအို အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ကချင်ပြည်နယ်ရှိ အစိုးရထိမ်းချုပ်မှု ပြင်ပဒေသမှ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်း ၈-ခုအား Trocaire ၏ထောက်ပံ့မှုနှင့် အစားအသောက်များ ဖြန့်ဖြူးပေးလျက် ရှိသည်။ Trocaire ၏ လုပ်ငန်းစဉ်များအတွက် ရန်ပုံငွေ ဆက်လက်ရရှိရန်မှာ မရေရာသောကြောင့် အဆိုပါ စခန်း ၈-ခု ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၂၀,၀၀၀ ကျော်မှာ လာမည့်လများတွင် အစားအသောက် ပြတ်လပ်မှု အန္တရာယ်နှင့် ကြုံတွေ့ဖွယ်ရာရှိသည်။ WFP မှဧပြီလတွင် ဝင်ရောက်ကူညီဖြန့်ဖြူးပေးမည်ဖြစ်ပြီး စခန်းများသို့ သွားရောက်ခွင့် ထပ်မံရရှိပါက မေနှင့်ဇွန်လများတွင်လည်း ဆက်လက်ကူညီသွားမည် ဖြစ်သည်။ ဧပြီလအတွက် အရေးတကြီးလိုအပ်သော ဆီ၊ဆန်၊ဆား၊ပဲ စသည်တို့ကို တစ်လစာ ဖြန့်ဖြူးထားပေးပြီးဖြစ်သည်။ Trocaire သည် အလှူရှင် အဖွဲ့အစည်းတစ်ခုနှင့် ၈-လစာ သို့မဟုတ် ၉-လစာ ရန်ပုံငွေ ရရှိနိုင်မည့် စီမံချက်တစ်ခုကို အပြီးသတ် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

The Kachin Baptist Convention (KBC) သည် ဒေသခံ အန်ဂျီအိုတစ်ခုဖြစ်ပြီး Oxfam ၏ ထောက်ပံ့မှု နှင့် နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်း ၆-ခုရှိ လူဦးရေ ၈,၅၀၀ ဦးတို့အတွက် အစားအသောက် အထောက်အပံ့များ ဖြန့်ဖြူးပေးသည်။ လမ်းခရီးကြမ်းတမ်းမှု နှင့် လုံခြုံရေး အန္တရာယ်တို့ကြောင့် ထိုစခန်းများအား နိုင်ငံတကာ အဖွဲ့များ ၏ ဒေသ-ဖြတ်ကျော် ခရီးစဉ်များတွင်လက်လှမ်းမီရောက်ရှိ နိုင်ခဲ့ခြင်း မရှိပါ။ ထိုစခန်းများအတွက် ရန်ပုံငွေမှာ ဧပြီလတွင် ကုန်ဆုံးမည်ဖြစ်ပြီး၊ ရန်ပုံငွေအသစ်မှာ လာမည့်လများတွင် ထပ်မံရရှိနိုင်ကြောင်းကို Oxfam မှ မတ်လတွင် သိရှိခဲ့ရသည်။



ကချင်ပြည်နယ်၊ လိုင်ဇာ IDP စခန်းမှ မိခင်နှင့်ကလေးငယ်။
ဓါတ်ပုံ- OCHA၊ ၂၀၁၄

**ရန်ပုံငွေ မရရှာမှု သည် နေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် အရေးကြီးသော ဝန်ဆောင်မှုများကို ထိခိုက်**

ရန်ပုံငွေ မရရှာမှု သည် ကချင်ပြည်နယ်ရှိ အခြားသောအရေးကြီးသည့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများ အပေါ်တွင်လည်း အကျိုးသက်ရောက်မှုများ ရှိနိုင်သည်။ နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၁၅,၀၀၀ခန့်အတွက် ယာယီ နေရာထိုင်ခင်းများ ဆောက်လုပ်ပေးရန်၊ သက်တမ်း ၃-နှစ်ကျော်ရှိပြီးဖြစ်သည့် ယာယီနေရာထိုင်ခင်းများ ပြုပြင်ရန် အတွက် ရန်ပုံငွေထပ်မံလိုအပ်သည်။ ကချင်ပြည်နယ်တဝှမ်းရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများရှိ ရေနှင့် တကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အဆောက်အဦများအား ပြုပြင်ပေးရန် အရေးတကြီးလိုအပ်နေပြီး ရန်ပုံငွေ ထပ်မံမရရှိပါက စတင်နိုင်မည် မဟုတ်ပါ။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ လူကုန်ကူးမှုဆိုင်ရာ ကာကွယ် တားဆီးရေးနှင့် စောင့်ကြည့်ရေးစသည်တို့ အပါအဝင် အကာအကွယ်ပေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်ပေးရန် ရန်ပုံငွေထပ်မံ လိုအပ်သည်။ ကလေးများနှင့် အရွယ်ရောက်စ လူငယ်များ၏ ပညာရေးအတွက် မရှိမဖြစ် လိုအပ်သည့် တိုးတက်မှုများ ရရှိရန်နှင့်၊ အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန် တို့အတွက် ရန်ပုံငွေ ထပ်မံမရရှိပါက ဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါ။

## မိတ္ထီလာရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် ရန်ပုံငွေ ထပ်မံလိုအပ်

*မိတ္ထီလာမှ စခန်း ၅-ခုအတွက် လူသားချင်းစာနာမှု ဆိုင်ရာ ကူညီထောက်ပံ့မှု လုပ်ငန်းများမှာ ရန်ပုံငွေ လျော့နည်းသည့်အတွက် လျော့ချခဲ့ရသည်။*

လွန်ခဲ့သောတစ်နှစ်၊ မတ်လ ၂၀ ၂၀၁၃ခုနှစ်တွင် လူမှုအသိုင်းအဝိုင်းကြား အကြမ်းဖက်မှုများ မန္တလေးတိုင်း ဒေသကြီး၊ မိတ္ထီလာမြို့တွင် ဖြစ်ပွားခဲ့ပြီး အရှိန်အဟုန်မြင့်မားခဲ့ကာ အခြားမြို့များသို့ကူးစက်ခဲ့သည်။ ပြည်ထဲရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ မြို့နယ် ၁၅မြို့နယ်တွင် ၄၃ဦး သေဆုံးခဲ့ပြီး ၈၆ဦး ဒဏ်ရာရခဲ့သည်။ အဆောက်အဦ ၁,၃၅၅လုံး ပျက်စီးခဲ့သည်။ ထိခိုက်ဆုံးရှုံးမှု အမြင့်မားဆုံးဖြစ်သည့် မိတ္ထီလာမြို့တွင် လူဦးရေ ၁၂,၀၀၀ ဦးတို့မှာ ပဋိပက္ခဖြစ်ပွားပြီးနောက် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရသည်။ တစ်နှစ်ကျော်ကြာပြီးသည့်အခါ နေရပ်စွန့်ခွာ တိမ်းရှောင်သူအများစုတို့မှာ နေအိမ်များသို့သော်လည်းကောင်း ပြန်လည် နေရာချထားပေးသည့် နေရာများသို့သော်လည်းကောင်း ပြန်လည်ရောက်ရှိနေထိုင်လျက်ရှိသည်။ သို့သော် နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၅,၄၀၀ ဦးတို့မှာ စခန်း ၅ခုတွင် ဆက်လက်နေထိုင်ရလျက်ရှိပြီး ပြန်လည်နေရာချထားပေးမှု အစီအစဉ်များ ကို စောင့်ဆိုင်းနေရဆဲဖြစ်သည်။

**ဖွန်လ မိုးရာသီမတိုင်မီ ပြန်လည်နေရာချထားမှု အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်**

အစိုးရ၏ ပြန်လည်နေရာချထားမှု လုပ်ငန်းအစီအစဉ်အရ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အားလုံးကို ဧပြီလကုန်၌ ပြန်လည်နေရာချထား ပေးရန်ဖြစ်သည်။ သို့သော်လည်း ရန်ပုံငွေ မလုံလောက်သဖြင့် ဆောက်လုပ်ရေး လုပ်ငန်းများ ကြန့်ကြာသောကြောင့် အဆောက်အဦများ အဆင်သင့်မဖြစ်ပဲ နေရပ်စွန့်ခွာ တိမ်းရှောင်သူ အများစုမှာ စခန်းများတွင်နေထိုင်ရင်း မိုးရာသီကို နောက်တစ်ကြိမ် ထပ်မံကျော်ဖြတ်ရဖွယ် ရှိသည်။ ယာယီအသုံးပြုရန် ရည်ရွယ်၍ တည်ဆောက်ထားသော စခန်းများရှိ အဆောက်အဦအများစုမှာ မိုးရာသီကာလကို နောက်တစ်ကြိမ် ခံနိုင်ရည် မရှိတော့သည့်အတွက် ပြုပြင်ပေးရန်လိုအပ်သည်။

ရန်ပုံငွေ လျော့နည်းခဲ့သဖြင့် မိတ္ထီလာရှိ စခန်း ၅-ခုအတွက် လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့မှုများကို လျော့ချခဲ့ရသည်။ ယခုအခါ Save the Children အဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း တို့မှသာ ကူညီထောက်ပံ့မှုများ ပေးအပ်လျက်ရှိသည်။ စခန်းများရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများမှာ ဆိုးရွားစွာ ခံစားရလျက်ရှိပြီး လုံလောက်သော ကျန်းမာရေး ဝန်ဆောင်မှုများသို့ လက်လှမ်းမမှီပဲရှိနေသည်။ စခန်းသို့ ဆရာဝန်များ ပုံမှန်လာရောက်ခြင်း မရှိပဲ ဆေးဝါးများလည်း အလုံအလောက်မရရှိပါ။ တကိုယ်ရည်သန့်ရှင်းမှု အားနည်းပြီး နွေရာသီကာလဖြစ်သည့်အတွက် စခန်းများတွင် သောက်သုံးရေ ပြတ်တောက်မှုများလည်းရှိနေသည်။ ဧပြီလကုန် အထိ အစားအသောက် ဖြန့်ဖြူးထားပေးသော်လည်း ထို့နောက်တွင် အစားအသောက် ထောက်ပံ့မှု ဆက်လက် ရရှိရန်မရေရာပဲဖြစ်နေသည်။ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ စိုးရိမ်မှုများ ရှိနေပြီး အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းများလည်း နည်းပါးလျက်ရှိသည်။ မိတ္ထီလာမှ နေရပ်စွန့်ခွာ တိမ်းရှောင်သူများမှာ စခန်းများတွင် လာမည့်လများ၌ ဆက်လက် နေထိုင်ရဖွယ်ရာ ရှိသည့်အတွက် ရန်ပုံငွေထပ်မံရရှိရန် အရေးတကြီး လိုအပ်လျက်ရှိသည်။


**ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်**

- အီဗာ မော့ဒ်ဗစ်ဂ်၊ လူသားချင်းစာနာမှုဆိုင်ရာ အစီရင်ခံစာ တင်သွင်းရေးနှင့် ပြန်ကြား ဆက်ဆံရေး အရာရှိ၊ modvig@un.org ၊ ဖုန်း ၀၉ ၄၂၀၂ ၇၅၈၇၇
- ပီယာ ပီရုမ်း၊ ပြန်ကြားရေးအရာရှိ၊ peronp@un.org ၊ ဖုန်း ၀၉ ၂၅၀၁ ၉၈၉၉၇


- OCHA လူသားချင်း စာနာမှုဆိုင်ရာ သတင်းလွှာများကို www.reliefweb.int တွင်လည်း ရယူနိုင်ပါသည်။